# ဒါကြောင့်မို့တစ်ခါတစ်ခါ ဟာတာတာနဲ့

တစ်ခါက မြို့တစ်မြို့မှာ တရုတ်ကြီးအချိန်တို့လင်မယားနှစ်ယောက် နေထိုင်ကြသတဲ့။ တရုတ်ကြီးလင်မယားနှစ်ယောက်အိမ်မှာ ခယ်မဖြစ်သူ မိန်းမချောလေးကပါ လာရောက်နေထိုင်လို့ တရုတ်ကြီးမှာ အသက်ရှည်နေရပါသတဲ့။ မိန်းမဖြစ်သူက တစ်ဖြည်းဖြည်း အရွယ်ကျလာတဲ့ အပြင် ရုပ်ရည်ပိုင်းဆိုင်ရာပါ လှပမှုလျော့ရဲလာတာနဲ့အမျှ တရုတ်ကြီးအချိန်ခင်မျာ ခယ်မဖြစ်သူရဲ့အလှကိုသာ တစ်နေ့တစ်နေ့ စိတ်ဝင်စား လာတော့တာပေါ့။ ဒါကို မိန်းမလုပ်သူကလဲ ရိပ်မိတာပေါ့။ ယောက်ကျားဘဲဗျာ။ ဘယ်နေမတုန်း။ တစ်နေ့တစ်နေ့ ခယ်မလုပ်သူရဲ့ ဖင်ကြီးကို ခိုးကြည့်လိုက်၊ သက်ပြင်းတွေချလိုက်၊ စိတ်ထဲက ပစ်မှားလိုက်နဲ့ ငနဲကြီးခင်ဗျာ နေ့တိုင်းကို ကြိတ်မနိုင်ခဲမရတွေ ဖြစ်နေပါ ရောလားခင်ဗျာ။

တစ်နေ့မတော့ မိန်းမလုပ်သူက ပြောလာပါသတဲ့။ “ ကဲ ကိုတရုတ်ကြီးရေ ကျွန်မတော့ဖြင့် အကြောင်းပေါ်လို့ နယ်ခရီးထွက်ရတော့မယ်။ ရှင့်ဖြင့် အပန်းမကြီးဘူးဆိုယင်ဖြင့် ဆိုင်စောင့်ရင်းသာ အိမ်မှာနေခဲ့ပါတော့၊ ကျွန်မတော့ နောက်သုံးရက်လောက်ဆိုယင် ခရီးထွက်မယ်” လို့ အသိပေးတာပေါ့ကွယ်။ အကွက်ကောင်းကိုစောင့်နေတဲ့ မုဆိုးကြီး ကိုတရုတ်ကတော့ ဟန်ဆောင်ပန်ဆောင်နဲ့ “ အင်း ကောင်းလေစွ ကောင်းလေစွ၊ နို့ပေမယ့် လုညီမလေးလဲ ခေါ်စွားလေ၊ ဝနဲ့အိမ်မှာကျန်ခဲ့လို့ မီးဖစ်ဖူးဆင်လယ် ” လို့ တရုတ်သံဝဲဝဲလေးနဲ့ မိန်းမကို သူတော်ကောင်းဟန်ဆောင်ပြီး ပြောတာပေါ့။ ဒါပေမယ့် မိန်းမလုပ်သူက “ရပါတယ်တရုတ်ကြီးရယ်၊ ရှင့်ကို စိတ်ချပါတယ်” လို့ပြောပြီး ခရီးထွက်ဖို့ကိုသာ ပြင်သတဲ့ကွယ်။

ဒါပေမယ့် ခရီးတကယ်ထွက်တဲ့နေ့ကျတော့ ယောက်ကျားလုပ်သူကိုလှည့်ကွက်လုပ်သွားတာကို တရုတ်ကြီးခင်မျာ မသိလိုက်ရှာဘူး။ ဘယ်လိုများ လှည့်ကွက်လုပ်သွားသလဲဆိုတော့ မိန်းမလုပ်သူက ခရီးတကယ်ထွက်ချင်ယောင်ဆောင်ပြီး သူ့နေရာမှာ ညီမဖြစ်သူကို အစားထိုးလွှတ်လိုက် သတဲ့။ သူကတော့ ညီမဖြစ်သူနေရာမှာနေခဲ့ပြီး ညီမရဲ့ခြင်ထောင်ထဲမှာအိပ်နေသတဲ့။

ညရောက်တော့ တရုတ်ကြီးကရဲဆေးလေးနဲနဲတင်လာပြီး ခယ်မလုပ်သူရဲ့ ခြင်ထောင်နားကို ကပ်လာသတဲ့။ ဒါကို အထဲက မိန်းမကလဲ မြင်တယ်။ ဘာလုပ်မလဲ စောင့်ကြည့်နေတာပေါ့။ သိတ်မကြာလိုက်ပါဘူး။ တရုတ်ကြီးခြင်ထောင်ထဲ ဝင်လာပါပြီ။ မိန်းမလုပ်သူက အလိုက်သင့် လေးငြိမ်နေလိုက်တယ်။ စောင်ကိုလဲ ခေါင်းမူးခြုံထားတာပေါ့။ တရုတ်ကြီးများ ဘယ်အချိန်ကတည်းက ခြောင်းနေရလို့လဲ မသိပါဘူး။ ခင်ဗျာမှာ အချိန်သိတ်မဆွဲနိုင်ရှာဘဲ စောင်ကိုလှန်၊ ထမိန်ကိုလှန်၊ ပြီးတော့ အပေါ်က တက်မှောက်ပါလေရော။

တရုတ်ကြီးခင်မျာ ကြာကြာမလုပ်လိုက်ရဘူး။ ပြီးသွားတာပေါ့။ ပြီးတာအငြိမ်မနေဘူး။ အပေါ်ကနေမဆင်းသေးဘဲနဲ့ စိမ်ထားပြီး ပြောလိုက်သေးတယ်။ “ အားပါးအားပါး ကောင်းလိုက်ဇာ ညီမလေးရာ.... ဝမီးမနဲ့လော့ စီခြားစီဘဲ ” တဲ့ ။

ဒါနဲ့အောက်ကမိန်းမကလဲ ဒေါသထွက်ပြီး “ဟင် ဘာ ဝ မီးမနဲ့ စီခြားစီလဲ ဟင် ” အဲဒါငါဘဲဟဲ့လို့ မိန်းမက ထပြီးပြောတော့ တရုတ်ကြီးမှာ ပါးစပ်လေးဟ၊ အံ့အားသင့်ပြီး ပြောလိုက်တာကတော့

**ဩော်...ဝ မီးမလား.... အင်း စင်လော့ စင်လား... ဇာကြောင့်မို့ ဇကာဇကာ ဟာစာစာ နဲ့**
တဲ့ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ပါစေ။